

# အနာစီနှင့် ဉာဏ်ပညာ

Ghanaian folktale

Wiehan de Jager

Naw Thazin Hpway

3

မြန်မာဘာသာ my



ဟိုးရှေးရှေးတုန်းက လူတွေဟာဘာမှကိုမသိကြပါဘူး။ သူတို့ဟာ အပင်ကိုဘယ်လိုစိုက်သလဲ၊ ဘယ်လိုအဝတ်အထည်တွေကို ဘယ်လိုရက်လုပ်သလဲ၊ သို့မဟုတ် သံထည်တွေကိုဘယ်လိုလုပ်သလဲဆိုတာကို မသိကြပါဘူး။ ကောင်းကင်ပေါ်မှာရှိတဲ့ နိုင်ရမ်ဆိုတဲ့နတ်ဘုရားကသာ တစ်ကမ္ဘာလုံးမှာရှိတဲ့ ဉာဏ်ပညာကိုပိုင်ဆိုင်ပါတယ်။ သူဟာထိုအရာကို မြေအိုးထဲထည့်ထားပါတယ်။



တစ်နေ့မှာ နတ်ဘုရားကြီးနိုင်ရမ်ဟာ သူ့ရဲ့ ဉာဏ်ပညာမခြေအိုးကို အနာစီဆီပေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။ အဲ့ဒီ ဉာဏ်ပညာမခြေအိုးကို ကြည့်လိုက်တိုင်း အနာစီဟာ အသစ်တစ်ခုခုကို သင်ယူရရှိပါတယ်။ အဲ့ဒါကအရမ်းကိုစိတ်လှုပ်ရှားဖို့ကောင်းပါတယ်။



လောဘကြီးတဲ့ အနာစီက "ငါဒီအိုးကို သစ်ပင်အမြင့်ကြီးပေါ်မှာ တင်ထားလိုက်ရင် တစ်အိုးလုံးကို ငါတစ်ယောက်ထဲပိုင်ဆိုင်နိုင်မယ်" ဆိုပြီးတွေးပါတယ်။ သူဟာ ကြိုးအရှည်တစ်ချောင်းနဲ့ အိုးကိုပတ်ပြီးသူ့ရဲ့ဗိုက်နဲ့ဆက်ကာချည်ထားလိုက်ပါတယ်။ သူဟာသစ်ပင်ပေါ်ကိုစပြီးတက်ပါတယ်။ ဒါပေမယ့် သစ်ပင်တက်တဲ့အခါ အဲ့ဒီအိုးကသူ့ရဲ့ဒူးနဲ့ အချိန်တိုင်း တိုက်နေတဲ့အတွက် တက်ရတာ ခက်ခဲပါတယ်။



အနာစီရဲ့ သားငယ်ကတော့ သစ်ပင်အောက်ကနေထပြီးတစ်ချိန်လုံးရပ်ကြည့်နေခဲ့ပါတယ်။ သူက “အိုးကိုကျောပေါ်မှာထားရင်ဒီထက်ပိုပြီးတက်ရတာ မလွယ်ကူဘူးလား” လို့ပြောလိုက်ပါတယ်။ အနာစီဟာ ဉာဏ်ပညာနဲ့ပြည့်နေတဲ့မြေအိုးကိုသူ့ရဲ့ကျောဘက်မှာပြောင်းလိုက်တဲ့အခါ အများကြီးပိုလွယ်ကူသွားပါတယ်။



သိပ်မကြာခင်မှာဘဲ သူဟာ သစ်ပင်ထိပ်ကိုရောက်သွားပါတယ်။ ဒါပေမယ့်သူဟာ ရပ်လိုက်ပြီး “ငါက ဉာဏ်ပညာအရှိဆုံးဖြစ်ရာမှာ၊ ငါ့သားကငါ့ထက်တော်နေတယ်။” လို့စဉ်းစားမိတယ်။ အနာစီဟာ အရမ်းကိုဒေါသထွက်သွားပြီးမြေအိုးကို သစ်ပင်အောက်ပစ်ချလိုက်ပါတယ်။



မြေအိုးဟာ မြေကြီးပြေပေါ်မှာ အစိတ်စိတ်အမွှာမွှာကွဲကြေသွားပါတယ်။ ဉာဏ်ပညာဟာ လူတိုင်းနဲ့ဝေမျှဖို့အတွက် လွတ်လပ်သွားပါတယ်။ ဒါဟာ လူတွေကေ ဘယ်လိုပုံစံမျိုးနဲ့ လယ်ယာစိုက်ပျိုးသလဲ၊ အဝတ်အထည်တွေကို ရက်လုပ်သလဲ၊ သံထည်တွေကို ဘယ်လို ပုံလုပ်ရမလဲနဲ့ အခြေးအရာတွေကိုဘယ်လိုလုပ်ရမလဲဆိုတာ သိသွားကပြီပါဘဲ။

# Global Storybooks

globalstorybooks.net

## အနာစိနှင့် ညာဏ်ပညာ

Ghanaian folktale

Wiehan de Jager

Naw Thazin Hpway

CC BY